mgyoe.com SAMPLE BOOK

ရွှေသစ္စာစာပေ




ဝင်းဝင်းလတ်

ယောက်ျားတွေပြန်လည်မပေါ်မီခေတ်က

# ချစ်တဲ့သူ

mgyoe.com

mgyoe.com SAMPLE BOOK



# ဝင်းဝင်းလတ်

ယောက်ျားတွေပြန်လည်မပေါ်မီခေတ်က

# ချစ်တဲ့သူ

9 789971 081270

mgyoe.com

mgyoe.com SAMPLE BOOK


# ပုံနှိပ်မှတ်တမ်း

| | | |
|---|---|---|
| ပုံနှိပ်ခြင်း | - | ၂၀၂၅ ခုနှစ်၊ စက်တင်ဘာလ - တတိယအကြိမ်<br>၂၀၁၉ ခုနှစ်၊ မတ်လ - ဒုတိယအကြိမ်<br>၂၀၁၃ ခုနှစ်၊ အောက်တိုဘာလ-ပထမအကြိမ် |
| တန်ဖိုး | - | ၇၅၀၀ ကျပ် |
| အုပ်ရေ | - | ၁၀၀၀ |
| မျက်နှာဖုံးပန်းချီ | - | ပိုင်စိုးရျာန် |
| မျက်နှာဖုံးဒီဇိုင်း | - | လင်းအောင်ပြည့် |
| ထုတ်ဝေသူ | - | ဦးသက်မော်ဦး (၀၁၈၈၄)<br>ရွှေသစ္စာဦးစာပေ<br>တိုက်-၄၇၂၊ အခန်း-၂၀၂၊ ရာဇာဓိရာဇ်အိမ်ရာ၊<br>ဗိုလ်တထောင်မြို့နယ်၊ |
| မျက်နှာဖုံးနှင့်<br>အတွင်းပုံနှိပ်သူ | - | ဦးထင်အောင်ကျော် (မြဲ-၀၀၄၁၀)<br>ရွှေပြည်ဟိန်းပုံနှိပ်တိုက်<br>အမှတ်(၁၆)၊ အောင်သစ္စာ(၁)လမ်း၊<br>မိုးကောင်းလမ်း၊ (၁၃)ရပ်ကွက်၊<br>ရန်ကင်းမြို့နယ်၊ ရန်ကုန်။ |
| ဖြန့်ချိရေး | - | ရွှေသစ္စာစာပေ<br>၀၉-၅၁၃၆၀၇၃၆၊<br>၀၉-၈၈၃၆၉၅၅၃၆ |


mgyoe.com

mgyoe.com SAMPLE BOOK

ယောကျ်ားတွေ ပြန်လည်မပေါ်မီခေတ်က

# ချစ်တဲ့သူ

ဝင်းဝင်းလတ်

ရွှေသစ္စာစာပေ

တိုက်(၄၇၂)၊ အခန်း(၂၀၂)၊ ရာဇဓိရာဇ်အိမ်ရာ
မိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၀၉ ၅၁၃၆၀၇၁၆၊ ၀၉ ၁၁၀၁၄၉၈၈၅

mgyoe.com

mgyoe.com SAMPLE BOOK

# ဆရာမဝင်းဝင်းလတ်၏ ကိုယ်ရေးအကျဉ်း

အမည်ရင်းမှာ ဝင်းဝင်းရှိန်ဖြစ်ပြီး အဖ ဒုတိယဗိုလ်မှူးကြီး ထွန်းရှိန်(ငြိမ်း)၊ အမိ ဒေါ်မြအုန်းတို့မှ ၁၉၅၁ ခုနှစ်၊ ဇူလိုင်လ (၁၁) ရက်တွင် လက်ပံတန်းမြို့၌ မွေးဖွားခဲ့သည်။

တက္ကသိုလ်ဝင်တန်းကို ၁၉၆၈ ခုနှစ်တွင် ရန်ကုန်မြို့၊ အထက(၁) ကမာရွတ်(မရမ်းခြံအမျိုးသမီးကျောင်း)မှ အောင်မြင်ခဲ့သည်။

၁၉၆၉ ခုနှစ်မှ ၁၉၇၆ ခုနှစ်အထိ ဆေးတက္ကသိုလ်(၁) ရန်ကုန်တွင် ပညာသင်ကြားခဲ့ပြီး ၁၉၇၇ ခုနှစ်တွင် အလုပ်သင်ဆရာဝန်ဖြစ်ခဲ့သည်။

၁၉၈၁ မှ ၁၉၉၅ ခုနှစ်အတွင်း စစ်တွေ ပြည်သူ့ဆေးရုံ၊ ရန်ကုန် ပြည်သူ့ဆေးရုံကြီး၊ ကချင်ပြည်နယ် မိုးကောင်းပြည်သူ့ဆေးရုံ၊ မကွေးတိုင်း ဆင်ပေါင်ဝဲမြို့နယ် ပြည်သူ့ဆေးရုံတို့တွင် တာဝန်ထမ်းဆောင်ခဲ့သည်။

၁၉၉၅ တွင် ဝန်ထမ်းဘဝမှ အငြိမ်းစားယူပြီး ကချင်ပြည်နယ်၊ ကာမိုင်းမြို့နယ် ဖားကန့်၌ ကိုယ်ပိုင်ဆေးခန်းဖွင့်လှစ်ပြီး လုံးချင်းဝတ္ထုအပြင် မဂ္ဂဇင်းဝတ္ထုရှည်၊ ဝတ္ထုတိုများစွာကို ရေးသားခဲ့သည်။

ထို့နောက် ၁၉၉၇ ခုနှစ်တွင် "အချစ်၏ နောက်ဆက်တွဲ စာမျက်နှာ" လုံးချင်းဝတ္ထုနှင့် အမျိုးသားစာပေဆု ရရှိခဲ့သည်။ ၁၉၉၇ ခုနှစ်မှ ၂၀၀၁ ခုနှစ်အထိ ကုလသမဂ္ဂ ဖွံ့ဖြိုးမှုအစီအစဉ်တွင် လူမှုဖွံ့ဖြိုးရေးအရာရှိအဖြစ် ရခိုင်ပြည်နယ် ကျောက်တော်မြို့နှင့် ကချင်ပြည်နယ် မြစ်ကြီးနားမြို့တို့တွင် တာဝန်ထမ်းဆောင်ခဲ့သည်။

၂၀၀၁–၂၀၀၅ အတွင်း Save the Children တွင် ကလေးသူငယ်များ စောင့်ရှောက်ရေးအဖွဲ့ မျိုးဆက်ကျန်းမာရေးအရာရှိအဖြစ်လည်းကောင်း၊ ၂၀၀၅– ၂၀၀၆ အတွင်း (Care Myanmar) တွင် assitant Program Coordinator အဖြစ် တာဝန်ထမ်းဆောင်ခဲ့သည်။

၂၀၀၆ ခုနှစ် မေ ၁၉ ရက် (Care Myanmar) တွင် တာဝန်ထမ်းဆောင်စဉ် ကွယ်လွန်ခဲ့သည်။

ခင်ပွန်းဖြစ်သူ ဒေါက်တာစိန်လှကျော် (Myanmar Isos Total Myanmar) နှင့် သားသုံးဦး ကျန်ခဲ့သည်။

mgyoe.com

mgyoe.com SAMPLE BOOK

သူနှင့် စတင်ဆုံစည်းဖြစ်သော တစ်ညနေသည် သက်ဝေရီအဖို့ အမှတ်ထင်ထင် ရှိနေခဲ့သည်ပင်။

* * *

လမ်းနံ့ဘေးက လျှောက်သွားလို့ ရွက်ခြောက်ကြွေများကို နင်းမိပြီဆိုမှဖြင့် ချိုးချိုးချွတ်ချွတ် မြည်သံပေးသည့် နွေဦးရာသီပေ။ နေ့အပူရှိန်များ ကြွင်းကျန်နေဆဲဖြစ်သော နွေဦး၏တစ်ညနေခင်းမှာ ဖြစ်လေသည်။ သက်ဝေရီတစ်ယောက်တည်း ကားရှင်းသော လမ်းကလေးတွင် အေးအေးလူလူ လျှောက်လာခဲ့သည်။ သူမ ထိုင်နေသော ညနေပိုင်းအချိန် သမဝါယမဆေးကုခန်းလေးက သည်မြို့နယ်အတွင်း၌ပင် ရှိသည်။ ဆိတ်ငြိမ်ရပ်ကွက်အတွင်းက နှစ်ထပ်အိမ်အိုကြီးတွင် သမဝါယမအရောင်း



mgyoe.com

mgyoe.com SAMPLE BOOK

ဆိုင်နှင့် တွဲဖက်ဖွင့်ထားသော သမဝါယမဆေးကုခန်းကလေး ဖြစ်လေသည်။ အိမ်နှင့်မနီးမဝေးမို့ ညနေခင်းများတွင် အေးအေးဆေးဆေး လမ်းလျှောက်လာနေကျ ဖြစ်လေသည်။

လမ်းသွယ်လေးတစ်လျှောက် လမ်းလျှောက်လာခဲ့စဉ် သံရုံးအဆောက်အအုံတစ်ခုအနီးသို့အရောက် ဖြည်းဖြည်းညင်သာမောင်းလာနေသော ကားစက်သံကို သက်ဝေရီ သတိပြုမိလေသည်။ အမောင်းသင်ကားများကို တစ်ခါတစ်ရံ ဆုံရတတ်သည်မို့ သက်ဝေရီမှာ အခြေမလှလျှင် လမ်းဘေးသို့ ပြေးဆင်းသင့်ဆင်းဖို့ ခြေလှမ်းများကို ပြင်ထားရင်း ဖြည်းညင်းစွာ ဘီးလှိမ့်လာသော ကားလေးကို လှည့်ကြည့်မိလေသည်။

အမောင်းသင်ကား မဟုတ်ပါ။ ကားရှေ့ခန်းတွင် ကားမောင်းနေသူက တစ်ဦးတည်း။ သူ့ကိုမြင်လိုက်သည်နှင့် သူ့အသားဖြူဖြူနှင့် လိုက်ဖက်လှသည့် စပို့ရှပ်မိုးပြာလွင်လွင် ဝတ်ဆင်ထားသည်ကိုပါ သတိပြုမိသွားစေခဲ့သည်။ သက်ဝေရီ အနှစ်သက်ဆုံးသော အပြာရောင်ကို ဝတ်ဆင်ထားသူက မွန်ရည်သော လူလတ်ရွယ်တစ်ဦး။ လူရည်သန့်တစ်ဦး အသွင်ရှိသော ထိုအမျိုးသားသည် သက်ဝေရီကို ကားမှန်ချပ်နောက်မှနေ၍ ကြာတောင့်ကြာမြင့်ကတည်းက စူးစိုက်စွာ ကြည့်လာခဲ့ဟန်ကမူ သက်ဝေရီ့စိတ်ကို မကြည်မလင် ရှိစေသွားခဲ့သည်ပင်။

ခြောက်သွေ့သော နွေလေပြည်နှင့်အတူ ရနံ့တစ်မျိုးရောယှက်လို့ ဝှေ့ယမ်းတိုက်ခတ်ပါလာလေရော့သလား။ ငှက်ကလေးများကတော့ သဘာဝအန္တရာယ်အနံ့ကိုရလျှင် အုပ်သင်းဖွဲ့လို့ ပျံသန်းပြေးတတ်ကြသည်ဟု မှတ်သားခဲ့ဖူးသည်။

သက်ဝေရီပြုနိုင်သည်ကတော့ ငြိုငြင်ရိပ်ကို မျက်ဝန်းတွင်


mgyoe.com

mgyoe.com SAMPLE BOOK

ထင်ဟပ်စေလျက် ဖျတ်ခနဲ မျက်နှာလွှဲမိလေခြင်းသာ။ သို့ဖြင့် လမ်းဘေးသို့ တမင်ဆင်းရှောင်ကာ သူ့အတွက် လမ်းပေးလိုက်စဉ်မှာ တိုယိုတာကိုရိုလာမီးခိုးပြာကလေးက သက်ဝေရီကို ဖြတ်ကျော်မောင်းနှင်သွားခဲ့လေသည်။ သက်ဝေရီအပါးမှ နီးကပ်စွာ အရှိန်လျှော့၍ ဖြတ်သန်းကျော်လွန်သွားခိုက် အမှတ်မထင် စူးစမ်းစွာ လှမ်းကြည့်လိုက်မိသော သက်ဝေရီကို ကားနောက်ကြည့်မှန်လေးထဲမှတစ်ဆင့် သူ တွေ့မြင်ပုံရသွားလေသည်။ ကားမောင်းသွားသော ဦးလူချောကို စိတ်ထဲက လှမ်းလို့စကားပြောလိုက်မိလေသည်။

"ဒီလိုမောင်းရင်းငေးတတ်တာ ၅ နဲ့ ၆ ကို အလည်လာရတတ်တယ်လေ ဦးရဲ့။ သတိထား"

လူနာဆောင် ၅ နှင့် ၆ သည် သက်ဝေရီတာဝန်ကျနေသော ဆေးရုံကြီးက အရေးပေါ် ထိခိုက်ဒဏ်ရာအနာတရ ကုသသောအဆောင်ဖြစ်လေသည်။

* * *


mgyoe.com

mgyoe.com SAMPLE BOOK

သမဝါယမဆေးကုခန်းလေးကို လှမ်းမြင်သာလာသည်နှင့် ဆေးခန်းရှေ့ခြံဝင်းထဲမှာ တိုယိုတာကိုရိုလာမီးခိုးပြာလေးကို အမြိုင့်သား ရပ်ထားလို့ လှမ်းတွေ့မြင်လိုက်ရသည်။ သက်ဝေရီ အံ့အားတသင့် ဖြစ်သွားရသည်။ အတွေးကောင်းတတ်သော သက်ဝေရီတစ်ယောက် ခုတော့မူ ဘာမျှဆက်စပ်မတွေးတောတတ်တော့ပေ။ ဆေးခန်းအတွင်းသို့ လှမ်းဝင်လိုက်မိသည်နှင့်. . .

"ဒေါက်တာ စောစောရောက်လာတာနဲ့ အတော်ပဲ။ ဒီမှာ လူနာ အိမ်ကလာပြီး မေတ္တာရပ်နေလို့"

ဆေးခန်းအမှုဆောင်တစ်ဦးဖြစ်သော ဦးချစ်ခင်နှင့် သူ့ကိုတွေ့လိုက်ရလေသည်။ ခုန. . . ဦးလူချော။



mgyoe.com

m gyoe.com SAMPLE BOOK

"ဟော. . . ဒါလေ ဦးကိုကိုထင်ကျော်ပဲ။ ဒေါက်တာလည်း ကြားဖူးမှာပါ"

"ဩော်. . . ဟုတ်ကဲ့"

သက်ဝေရီက အလိုက်သင့်ဆိုမိစဉ် ဦးကိုကိုထင်ကျော်ကတော့ ထိုင်ရာကပင်ထလို့ ရည်မွန်စွာ နှုတ်ဆက်လေသည်။ 'ဦးကိုကိုထင်ကျော်ကိုး' ဟု သက်ဝေရီ၏စိတ်ထဲက မှတ်ချက်ပြုလိုက်မိပေ၏။

သက်ဝေရီ ဖြတ်သန်းသွားလေ့ရှိသောလမ်းထဲတွင် 'ဦးကိုကိုထင်ကျော်' ဟု ဆိုင်းဘုတ်ချိတ်ဆွဲထားသော ခြံတစ်ခြံ ရှိသည်။ တစ်ထပ်တိုက်ပြားပြားလေးနှင့် တိုက်မျက်နှာစာတွင် စိမ်းလဲ့သော မြက်ခင်းပြင်ရောင်စုံပန်းချဉ်ပေါင်ပင်များဖြင့် လှပကာ နားနေချင့်စဖွယ် သာယာအေးချမ်းသော ခြံဝင်းလေးကို ရုပ်ရှင်ထဲတွင်ပင် တစ်ခါတစ်ရံ တွေ့ရတတ်လျက်ထိုရုပ်ရှင်ကားမျိုး ကြည့်မိတိုင်း 'ဟိုလမ်းထဲက ခြံကလေး' ဟု ချက်ချင်းအမှတ်ရမိသည်အထိ ထိုခြံလေးကို သက်ဝေရီက သိရှိနေခဲ့သည်။ သမဆေးကုခန်းတွင် အလုပ်ရလာဘော့လည်း ဆေးခန်းအလာကို ထိုလမ်းတစ်လျှောက်မှ လာတတ်သည်မို့ ခြံကလေးရှေ့က သက်ဝေရီ ဖြတ်သန်းလာရတတ်မြဲ။ လှပသောခြံကလေးနှင့်အတူ ခြံဝင်းဝအုတ်တိုင်မှ 'ဦးကိုကိုထင်ကျော်' ဟူသောဆိုင်းဘုတ်ကိုပါ သက်ဝေရီ သိနေမိခဲ့သည်ပင်။ ဦးချစ်ခင်က မိတ်ဆက်ပေးသောအခါ ဆိုင်းဘုတ်ကြီးကို သိနေသော သက်ဝေရီက "ဟုတ်ကဲ့" လိုက်မိလေ၏။

". . . ဌာနက ညွှန်မှူးလေ၊ ဒေါက်တာ သိမှာပါ"

"ဟုတ်ကဲ့. . . သိပါတယ်"

ဆိုင်းဘုတ်ကြီးသို့ ရည်ရွယ်လျက် သက်ဝေရီ ဆိုမိရပြန်လေ၏။


mgyoe.com

"သူမစွစ် အတော်နေမကောင်းဖြစ်နေလို့တဲ့ဗျာ"

"ဟုတ်လား"

သည်တစ်ကြိမ်တွင်တော့ သက်ဝေရီ ဦးကိုကိုထင်ကျော်သို့ ဝံ့စားစွာ လှမ်းကြည့်ဖြစ်သည်။ စနိုးစနောင်း စိတ်ကလေးလည်း ကင်းပသွားခဲ့ရ၏။

"အိမ်က မဝေးပါဘူး။ (. . . .)လမ်းထဲတင်ပါ။ ဒေါက်တာနဲ့ ဆရာမဒေါ်လှဲ့ ကျေးဇူးပြုပြီး လိုက်ကြည့်ပေးနိုင်မလားလို့။ အချိန်လည်း စောပါသေးတယ်နော။ ဆေးခန်းပြမယ့်လူနာလည်း ရောက်မှမရောက် သေးပဲ"

ဦးချစ်ခင်က သက်ဝေရီ အားနာလာရအောင် အနူးအညွတ် တောင်းဆိုနေလေသည်။ ဦးချစ်ခင်ကိုယ်တိုင် မေတ္တာရပ်ပေးနေသော လူနာဆိုတော့လည်း သက်ဝေရီကြည့်ပေးရပေလိမ့်မည်။ သည်သမဝါယမ ဆေးခန်းလေးရဲ့ ညနေပိုင်းအချိန်တွင် သက်ဝေရီကို ခန့်ထားဖို့ သမ ဆေးခန်းကော်မတီက စည်းဝေးဆုံးဖြတ်ခဲ့သည်ဆိုပေမယ့် သက်ဝေရီ၏ လျှောက်လွှာအချိန်မီရောက်ရှိနေဖို့ ဦးချစ်ခင်က အကြောင်းကြားပေးခဲ့ သည်မဟုတ်ပါလား။ ထိုစဉ်က တာဝန်ထမ်းဆောင်နေဆဲ ဆရာဝန် ပြောင်းရွှေ့ဖို့ကြံစည်နေပြီဆိုကတည်းက သက်ဝေရီကို လျှောက်လွှာတင် ထားဖို့ မေမေ့မိတ်ဆွေဦးချစ်ခင်က အကြံပေးခဲ့လေသည်။ သက်ဝေရီ ဦးကိုကိုထင်ကျော်၏အိမ်သို့ လိုက်ကြည့်ပေးဖို့ စီစဉ်ရလေသည်။

"လဲ့ကို လိုတဲ့ဆေးယူခိုင်းရအောင် လူနာက ဘယ်လိုမျိုး နေမကောင်းတာလဲ. . . ပြောပါဦး"

ဦးကိုကိုထင်ကျော်က အကျိုးအကြောင်းကို ပြောပြနေလေသည်။ ဦးကိုကိုထင်ကျော်၏ပြောပြချက်အရ လိုအပ်မည်ထင်ရသည့်ဆေးများကို



mgyoe.com

mgyoe.com SAMPLE BOOK


လဲ့လဲ့ကို ထည့်သိုခိုင်းရလေသည်။

"သွားကြရအောင်နော်"

သူနာပြုဆရာမလေး လဲ့နှင့်အတူ သက်ဝေရီ မှတ်မိခဲ့ပေသော တိုယိုတာကိုရိုလာမီးခိုးပြာဖြင့်ပင် လူနာကြည့်လိုက်ပါဖြစ်ခဲ့သည်။

သက်ဝေရီ လျှောက်လာခဲ့သောလမ်းကို ပြန်လည်ဖြတ်သန်း မောင်းနှင်လာသည်မို့ သံရုံးအဆောက်အအုံအနီးသို့အရောက်တွင် မတူ တရှူလုပ်ခဲ့ပေသော သူမအပြုအမူကို ပြန်လည်အမှတ်ဖြစ်ကာ သက်ဝေရီ အားနာမိလေသည်။

တကယ်တော့ ဦးကိုကိုထင်ကျော်သည် သက်ဝေရီကို သမဆေးကု ခန်းမှ ဆရာဝန်မှန်းသိရှိနေခဲ့ပြီး ဖြစ်ချင်ဖြစ်လေမည်။ သူ လာပင့်မည့် ဆရာဝန်ကို လမ်းပေါ်တွင်တွေ့နေ၍ နှုတ်ပင်ဆက်ရကောင်းနိုးနိုး ဖြစ်နေ ခဲ့ခြင်း ဖြစ်ပါလိမ့်မည်။ သက်ဝေရီဟာ လူတစ်ယောက်အပေါ် မဆင် မခြင် သိပ်အထင်လွဲလွယ်တာပဲ။ သူမကိုယ်သူမသာ အပြစ်တင်လိုက်မိ ပေတော့သည်။

* * *


mgyoe.com

mgyoe.com SAMPLE BOOK

ဦးကိုကိုထင်ကျော်၏ဇနီးသည် ခေတ်မီ၍ လှပသောအမျိုးသမီးတစ်ဦးပင် ဖြစ်လေသည်။ ငယ်ရွယ်နုပျိုသေးလျက် အသက်မှာ ၃၅ နှစ်ဝန်းကျင်မျှသာ ရှိပေလိမ့်မည်။ ယဉ်ကျေးဖွယ်ရာသော ကိုယ်၊ နှုတ်အမူအရာဖြင့် ဖော်ရွေခြင်းလည်းရှိသည်။ ဒရင်းမ်ဘက်ဒ်ပေါ်တွင် ခပ်လျော့လျော့မှီလှဲနေရာက သက်ဝေရီတို့ဝင်လာသည်ကို တွေ့ရသောအခါ ကိုယ်ကို မတ်မတ်ပြင်ထိုင်လျက် အပြုံးဖြင့် စတင်နှုတ်ဆက်လေသည်။

"ဒေါက်တာ့ကို အနှောင့်အယှက်ပေးသလိုဖြစ်ရတာ သိပ်အားနာတာပဲ"

သူမအသံကလည်း အေးအေးသာသာလေး ဖြစ်လေသည်။ ခေတ်မီသော ဆံပင်ပုံစံ၊ ကျိုင်းတုံအင်္ကျီအပွင့်ထိုး ဘလောက်စ်ပွပွ၊ မိုးရေး



mgyoe.com

mgyoe.com SAMPLE BOOK


ရှုလုံ့ချည်တို့ဖြင့် ခေတ်နှင့်အညီ ဝတ်ဆင်ထားသည့်တိုင် ဦးကိုကိုထင်ကျော်၏ဇနီးတွင် ဘယ်နေရာကလို့ ပြောရခက်သောတစ်နေရာကတော့ ရိုးစင်းလို့နေသည်ဟု သက်ဝေရီ ထင်လိုက်မိပေ၏။ ချောမောသော သူမမျက်နှာပေါ်က ပျော့ပျောင်းသည့်အရိပ်အယောင်ကလား။ တမင် ခရာနွဲ့တာသံမပါသည့် စကားသံကပင်လား။

"ကိုကိုက စိတ်ပူနေလို့ပါ။ ခင်က ဒီလောက်ကြီးနေမကောင်းဖြစ်တာမဟုတ်ပါဘူး။ ဒီနေ့ သားတွေက စာမေးပွဲ စ,ဖြေရတယ်လေ။ အဲဒါညက သူတို့ကို စာသင်ပေးရတာနဲ့ ညဉ့်နက်သွားရင်းက အိပ်လို့မရတော့ဘူး။ အိပ်မပျော်တော့ မနက်မိုးလင်းတော့ ခေါင်းထဲမှာ အုံခဲပြီး မူးနေတာပေါ့။ ရင်ထဲမှာလည်း တလှပ်လှပ်နဲ့ တစ်မျိုးကြီးပါပဲ။ ခါတိုင်း ဒီလိုဖြစ်လာရင် မမသဇင်. . . သူက ခင်တို့ရဲ့မိသားစုဆရာဝန်လို ဖြစ်နေတယ်လေ။ သူ့ကို ဖုန်းဆက်ပြီး ပြောပြလိုက်တာပဲ။ သူအားရင် သူလာ။ သူ မအားရင်လည်း ကိုယ်က သွားလိုက်တာပေါ့။ အခုတော့ မမသဇင်ကလည်း ငပလီသွားဖို့ မနေ့ကမှ လာနှုတ်ဆက်သွားတာဆိုတော့ မမသဇင်ကို ခေါ်လို့ကလည်းမဖြစ်။ ပြီးတော့ ကိုကို့ကို ပြောဖို့ကျတော့လည်း ကိုကိုက သိပ်စိတ်ပူပြီး ပျာယာခတ်တတ်တာက ကိုကို့ဝါသနာလေ"

ဦးကိုကိုထင်ကျော်သို့ ခပ်ပြုံးပြုံးလေးလှမ်းကြည့်ကာ ပြောလိုက်သည်မို့ သည်စကားအရောက်တွင်တော့ ဦးကိုကိုက-

"ခင်ကလည်းကွယ်" ဟု ဆိုလေသည်။

"အဟုတ် ဒေါက်တာရဲ့။ တစ်ခါတစ်ခါကျ သူက သိပ်ပျာနေတော့ ကိုကိုရယ် ကြည့်လည်းပျာပါဦး။ ခင့်ကို သူများတွေက အထင်ကြီးနေပေါ့မယ်လို့ ပြောယူရတယ်"


mgyoe.com

mgyoe.com
SAMPLE BOOK


ဦးကိုကိုက လက်ချောင်းလေးများကို ယှက်တော့မယောင်ပြုလျက် ဟန့်ထားသည့်အမူအရာလေး ပြကာ-

"ဟုတ်ပါတယ် ခင်ရယ်၊ ခင် ဖြစ်တာလေးပဲ ဒေါက်တာ့ကို ပြောပြနော်။ ဒေါက်တာက သူ့ဆေးခန်းကိုထားပြီး လိုက်လာရတာလေ။ ဪ. . . ဒေါက်တာ၊ ဒါ ကျွန်တော့မစ္စစ် နုလေးခင်ပါ"

သူတို့နှစ်ဦးရဲ့ စကားအတုံ့အလှယ်ကို အကဲခတ်နေမိပေမယ့် "ဒေါ်နုလေးခင်က နာမည်နဲ့လိုက်တာပဲ" ဟု သက်ဝေရီ လျှင်မြန်စွာ ပြောလိုက်နိုင်ခြင်းမှာ သူမလိုလူနာများကို တွေ့ဖူးခဲ့သည့်အတွေ့အကြုံများရဲ့ကျေးဇူးကြောင့်ပဲ ဖြစ်ပေမည်လေ။

"တစ်နေ့လုံး မောလိုက်၊ မူးလိုက်နဲ့ နေနေရတာ။ ညနေဘက်ကျတော့ ပိုပြီးဆိုးလာသလိုပဲ။ အသက်ရှူမဝသလို တဝါးဝါးသမ်းချင်လာသလိုနဲ့ နေလို့မရတော့ဘူး။ ခင် လဲကျသွားတာ ခင့်ဘာသာ မသိလိုက်မိဘူး။ သတိရလာတော့ လေတွေ အန်ပစ်လိုက်သေးတယ်။ အန်ပြီးတော့မှပဲ နေသာသွားတော့တာ။ အခုတော့ ခင် တော်တော်လေး နေလို့ကောင်းပါပြီ။ ကိုကိုပြန်လာတော့ အန်တီဘေက ပြောပြတာနဲ့ စိတ်ပူပြီး ဆရာဝန်သွားခေါ်မယ်ဆိုပြီး ထွက်သွားတာပဲ။ ဒေါက်တာ့ကို အားနာစရာ။ အခုခင် နေကောင်းနေမင့်ဟာ"

ဒေါ်နုလေးခင်က နေကောင်းနေပါပြီဆိုတော့ ဖြစ်နိုင်သားပါပဲ။ နေကောင်းနေသူတစ်ယောက်လို စကားရွှန်းရွှန်းဝေဝေ ပြောဆိုနိုင်ခဲ့ပြီး နေမကောင်းသူနှင့်တူတာဆိုလို့လည်း ထိုသို့ စကားကို မမောနိုင် မပန်းနိုင်ဝေဆာစွာပြောနေခြင်းတစ်ခုသာ ရှိလေသည်။

"သမီးလေးထွေး နေမကောင်းနေတာကို စိတ်ပူနေမိတာလည်း


mgyoe.com

mgyoe.com SAMPLE BOOK


ပါတာပေါ့ ဒေါက်တာရယ်။ သမီးအငယ်ဆုံးလေးက ကိုယ်ပူပြီး ချောင်းဆိုးနေတာ နှစ်ရက်လောက်ရှိပြီ။ ခင်လည်း မမသဇင် ပေးဖူးတဲ့ဆေးတွေ တိုက်ထားတာပဲ။ အမောက်ဆေးလ်လည်း တိုက်တယ်လေ။ အဖျားက မကျဘူး ညီမရယ်။ အဖျားတက်လာတာနဲ့ သမီးလေးက အိပ်ရာထဲမှာ ခွေသွားတော့တာပဲ။ ပြီးမှ သမီးလေးအခန်းကို သွားကြည့်မယ်နော်။ အခုလောက်ဆို သမီးက ရင်ဘတ်ပေါ်မှာ လက်ကလေးနှစ်ဖက်တင်ထားပြီ။ အဲဒါဆိုရင် အဖျားတိုင်းကြည့်လိုက် ၁၀၁ ပဲ။ ကိုယ်အပူရှိန် ၁၀၀ လောက်ဆိုရင်တော့ လက်ကလေးကို ဗိုက်ပေါ်မှာ တင်ထားတတ်တယ်။ ပါရာစီတာမော့လေး တိုက်လိုက်လို့ အဖျားကျသွားပြီဆိုရင်တော့ လက်ကလေးကို ဘေးမှာချထားရော။ ခင်က သမီးလက်ကလေးတွေ ကိုယ်ပေါ်မှာ တင်ထားတာတွေ့ရရင်ကို စိတ်က မချမ်းသာတော့ဘူး။ သိပြီလေ. . . အဖျားတက်နေပြီကို"

"ဟုတ်တာပေါ့ ဒေါ်နုလေးခင်၊ သမီးကို ပြီးရင်သွားကြည့်ပေးမယ်လေ။ အခုတော့ မမခင်ကို အရင်စမ်းသပ်ကြည့်မယ်နော်"

သက်ဝေရီ စမ်းသပ်ကြည့်ရှုနေသည်ကို ဒေါ်နုလေးခင်က လိုလိုလားလားပင် လက်ခံကာ ငြိမ်သက်နေပေ၏။

"ခင်က ဆေးထိုးရမှာ ကြောက်တယ်" ဟုဆိုပေမယ့် သက်ဝေရီ ဆေးထိုးဖို့ပြင်တော့ သူမရဲ့လက်မောင်းလေးကို အသင့်ဆန့်တန်းပေးရှာလေသည်။

စိတ်ငြိမ်ဆေးသွင်းပေးနေရင်း ဆေးမကုန်မီပင် မျက်တောင်များစင်းကာ ဒေါ်နုလေးခင် အိပ်မောကျသွားခဲ့တော့သည်။ အသက်မှန်မှန်ရှူလျက် အိပ်မောကျသွားသော ဒေါ်နုလေးခင်အပေါ်တွင် လက်ကလေး


mgyoe.com

mgyoe.com SAMPLE BOOK


ကို ကိုင်၍ ထိုင်နေဆဲဖြစ်သော ဦးကိုကိုထင်ကျော်က-

"ကျေးဇူးတင်ပါတယ်ဗျာ၊ မဟုတ်ရင် ခင်က တစ်ညလုံး အိပ်မှာ မဟုတ်ဘူး။ ဒီလိုပဲ စကားတပြောပြောနဲ့နေတော့မှာ"

"ဦး. . . မစွစ်ကို စိတ်ရောဂါအထူးကုဆရာဝန်နဲ့ ပြသင့်တယ် ထင်ပါတယ်။ စိတ်ဆိုတာမျိုးက သိပ်ပြီးသိမ်မွေ့တော့ သူ့ကို ကိုင်တွယ် တတ်ဖို့က အထူးပြုကျွမ်းကျင်တဲ့သူနဲ့မှ ကောင်းမှာပါ"

ဦးကိုကိုထင်ကျော်သည် သူ့ထက် အလွန်ငယ်ရွယ်သော သက်ဝေရီ ရဲ့အတတ်ပညာပိုင်းဆိုင်ရာ အကြံပေးချက်ကို လေးစားစွာ လက်ခံတတ် ပုံမှာလည်း လူကြီးလူကောင်း ဆန်လှလေသည်။ သက်ဝေရီ ကြုံဖူးခဲ့သော အချို့သော ဦးကိုကိုထင်ကျော်တို့ကဲ့သို့သော အဆင့်အတန်းက မိသားစု များကဲ့သို့ အရေးပေါ် အခြေအနေမို့သာ ကုသမှုခံယူလိုက်ရပေမယ့် သမ ဆရာဝန်လူငယ်တစ်ယောက်အပေါ် အထင်အမြင်မကြီးလိုသည့် အရိပ် အယောင်မျိုးကို ဦးကိုကိုထင်ကျော်တွင်ရော ဒေါ်နုလေးခင်တွင်ပါ မတွေ့ရပါ။

"ဟုတ်ပါတယ်၊ ဒါပေမယ့် ခင်ကလည်း ဒေါ်သဇင်ကလွဲလို့ ဘယ်သူနဲ့မှ ပြခိုင်းလို့မရဘူးဗျာ။ သူ့စိတ်လှုပ်ရှားတာကလည်း တစ်ခါ တလေ စိတ်လှုပ်ရှားစရာတွေ့မှ စကားတွေ အများကြီးပြောလာတတ် တာပဲရှိတော့ သဇင် စိတ်ငြိမ်ဆေးလေးဘာလေး ကျွေးလိုက်ပြီးရင်လည်း ကောင်းသွားတာပါပဲ။ အခုတောင်မှ သမီးလေး ထွေးထင်ကျော် နေမကောင်းတာကို ပြဖို့ဆိုပြီး ဒေါက်တာ့ကို လာခေါ်ရတာပါ။ သူ့ အတွက်ဆိုရင် သဇင် ပြန်လာမှပြမယ်လို့ သူ ငြင်းမှာပါပဲ"

"သမီးကို သွားကြည့်လိုက်ရအောင်"


mgyoe.com

mgyoe.com SAMPLE BOOK


သက်ဝေရီက သတိတရပြောတော့ ဦးကိုကိုက အားနာသွားဟန်ဖြင့်-

"သမီးကတော့ ရိုးရိုးနှာစေးချောင်းဆိုးဖျားပဲ ထင်ပါရဲ့ ဒေါက်တာရယ်။ တစ်ခါတည်း ကြည့်ပေးသွားမယ်ဆိုရင်တော့ ကျေးဇူးပါပဲ။ ဆေးခန်းမှာလည်း လူနာတွေစောင့်နေမှာကရှိသေးတော့ အားနာစရာပါပဲဗျာ"

ထွေးထင်ကျော်ရဲ့အခန်းလေးက ဧည့်ခန်းနှင့်ကပ်လျက်တွင်ပဲဖြစ်လေ၏။ ဒေါ်နုလေးခင်ပြောသလို ထွေးထင်ကျော်က ခုတင်ပေါ်တွင် ခွေခွေလေး ငြိမ်လို့ရှိမနေပါ။ အစ်ကိုနှစ်ယောက်နှင့်အတူ ကစားစရာတွေ ပြန့်ကြဲအောင်ဆော့နေသော ရှစ်နှစ်အရွယ် မိန်းကလေးတစ်ဦးက သက်ဝေရီတို့ဝင်လာသည်ကို လှည့်ကြည့်လေသည်။ သက်ဝေရီရဲ့လက်ထဲက နားကြပ်ကို သတိပြုမိသွားကာ အိပ်ရာပေါ်သို့ အပြေးလေးခုန်တက်လိုက်သည်။ ပြီး. . . လက်ကလေးနှစ်ဖက်ကို ရင်ဘတ်ပေါ်တွင်တင်၍ လှဲအိပ်ချလိုက်လေသည်။ သူ့မေမေကဲ့သို့ ရှည်လျားမည်းနက်သော မျက်တောင်ကော့ကြီးများကို စင်းမှိတ်လိုက်သေးသည်။ ဆယ့်နှစ်နှစ်အရွယ် အကြီးဆုံးဖြစ်ဟန်ရှိသောသားက ဦးကိုကိုထင်ကျော်နှင့်တူစွာလူရည်သန့်လေး ဖြစ်ပေ၏။

သက်ဝေရီကို တရင်းတနှီးဖြင့်-

"ညီမလေး အဖျားတက်နေတယ် အန်တီ။ အခုဆို အဖျား ၁၀၁ ရှိတယ်"

သက်ဝေရီနှင့် လှဲ့လှဲ့တို့မှာ တစ်ယောက်မျက်နှာတစ်ယောက်ကြည့်ကာ ပြုံးလိုက်မိကြတော့-


mgyoe.com

mgyoe.com
SAMPLE BOOK


"မယုံဘူးလား"

အလတ်လေးက ဂျစ်ကန်ကန်လေး မေးလေသည်။ သားအလတ်ကတော့ အဖေနှင့်အမေတို့၏ အလှအပတို့ရောယှက်ထားပေသော ရုပ်ရည်မျိုးလေးဖြင့် မျက်နှာထားကတော့ တစ်ဘာသာကဲကာ မှုန်ကုပ်ကုပ်လေး ရှိလေသည်။

"ယုံပါတယ်ကွာ၊ အန်တီ အဖျားမတိုင်းတော့ဘူးနော်။ သားသားတို့ပြောတဲ့ ၁၀၁ ပဲရှိမှာပါ"

ထွေးထင်ကျော်လေးရဲ့အဖျားက သာမန်အဆုတ်ပွဖျားမျှသာပါပဲ။ တိုက်လက်စဆေးကိုပဲ ဆက်တိုက်ဖို့ ညွှန်ကြားရုံသာပင်။

"ဆေးမထိုးဘူးမဟုတ်လား အန်တီ"

ထွေးထင်ကျော်က ဝမ်းသာအားရစွာမေးရင်း အိပ်ရာက ခုန်ထလာခဲ့သည်။

"ဟော. . . လက်နှစ်ဖက် ဘေးမှာရောက်သွားပြီ။ အဲဒါ အဖျားကျသွားလို့"

အလတ် ဂျစ်ကလေးက သက်ဝေရီကို စေ့စေ့ကြည့်လို့ ပြောသေး၏။ သက်ဝေရီမှာ ကုမယ့်ကုရင်တော့ အမေနှင့်အတူ ကလေးသုံးယောက်ကိုပါ ကုရလိမ့်မလားဟု တွေးမိလျက် ပြုံးမိရလေသည်။ ဦးကိုကိုထင်ကျော်တွင်ရော သည်လိုရောဂါလက္ခဏာ မရှိနိုင်ပြီလားဟူသောအတွေးဖြင့် ဦးကိုကိုသို့ လှမ်းကြည့်မိခိုက်. . .

"ဒေါက်တာတို့ ပြန်ဖို့ဆိုရင် အဆင်သင့်ပါပဲ။ ကျွန်တော် လိုက်ပို့မယ်"

ဦးကိုကိုက ဆိုသည်။ ဦးကိုကိုသည် သားသမီးချစ်တတ်သူလည်း


mgyoe.com

mgyoe.com SAMPLE BOOK


ဖြစ်ပုံရသည်။ သက်ဝေရီနှင့်လဲ့ကို လိုက်ပို့ဖို့၊ ကားထွက်ဖို့အရေးတွင် ကလေးတွေနှင့် အပြန်အလှန် နှုတ်ဆက်နေကြသည်က မပြီးတော့နိုင်အောင်ပင်။

သက်ဝေရီတို့ သမဝါယမဆေးကုခန်းလေးသို့ ပြန်ရောက်လာသောအခါ စောင့်နေကြသည့်လူနာတွေကို တစ်သီတစ်တန်းကြီး တွေ့လိုက်ရလေသည်။

* * *


mgyoe.com

mgyoe.com SAMPLE BOOK

လရောင်သည် အိမ်ကြိုအိမ်ကြားက လမ်းကလေးပေါ်တွင် မှုန်တိမှုန်မွှားကျရောက်လျက် ရှိလေ၏။ ထိုတစ်ယောက်သွားလမ်းလေးမှ သက်ဝေရီ စိတ်ပေါ့ပါးစွာ လျှောက်လာခဲ့သည်။ သက်ဝေရီ၏ နံနက် ရှစ်နာရီမှ စတင်သောအလုပ်တာဝန်ဝတ္တရားတွေ အဆင်ချောစွာပြီးဆုံးခဲ့ပြန်ပေါ့ဟု စိတ်သက်သာရာရ၊ လွတ်လပ်သောအတွေးတွေ တစ်လှေကြီးဖြင့် ရေဒီယိုမှ ည ၈ နာရီသတင်းကြေညာပြီး အစီအစဉ်က အိမ်များဆီမှ ပျံ့လွင့်နေခဲ့သည်။ သက်ဝေရီ လျှောက်နေသောလမ်းကလေးသို့ အိမ်မီးရောင်များလည်း ဖြာကျရောက်ရှိနေလေ၏။ အုပ်ကောင်းသော ကုက္ကိုပင်ကြီးအောက်မှ တံတားလေးကို ဖြတ်လာရတော့မှု ခပ်မှောင်မှောင်။ ဘယ်လောက်မှမမြင့်သော တံတားလေးအောက်တွင် စီးဆင်းနေသည့် ရေစီးကြောင်းလေးပေါ်မှ လရောင်တို့ရွှန်းပြက်နေလေသည်။ သက်ဝေရီ ဆေးခန်းကအပြန် သည်လမ်းလေးက ဖြတ်သန်းပြန်လာသည်ကို မေမေ ကတော့ သဘောမကျပေ။

ရွှေသစ္စာစာပေ

mgyoe.com

mgyoe.com SAMPLE BOOK


"ကျောင်းအရှေ့ဂိတ်က ဝင်ပါသမီးရယ်။ သိပ်ဝေးဝေးလျှောက်ရတာမှမဟုတ်ဘဲ။ ဒီလမ်းကြားလေးက မှောင်လှတယ်"

မေမေက မှာလေ့ရှိသည်။

သက်ဝေရီမှာ-

"ဟုတ်ကဲ့ပါ မေမေ"

ဟု အလွယ်တကူ ကတိပြုလိုက်တတ်ပေမယ့် ဘတ်စ်ကားက ဆင်းလို့ အိမ်နားရောက်ခါနီးလေ ခရီးကို ချုံ့ချင်လာလေဖြင့် ကျောင်းနောက်ဖေး မလွယ်ပေါက်မှသာ ဝင်ဖြစ်လေမြဲ။ သက်ဝေရီ၏ လက်ခုံပေါ်က သွေးကြောမျှင်လေးတစ်ခုရဲ့ သွားရာလမ်းကြောင်းလို အမြဲမှတ်မိနေသည့် လမ်းကလေးပဲလေ။ မှောင်ပေမယ့် မျက်စိမှိတ်သွားလို့ပင် ရမည်ထင်သည်။ ကျောင်းနောက်ဖေး မလွယ်ပေါက်က ပိတ်ထားတတ်ပေမယ့် သက်ဝေရီ သံတံခါးကို ကိုင်လှုပ်လိုက်လျှင် ကျောင်းစောင့်အဘိုးကြီး အဘဇိက သော့တွဲကြီးကိုင်လို့ ပြေးလာတတ်လေသည်။

သက်ဝေရီတို့အိမ်က ကျောင်းနောက်ဖေးဝင်ပေါက်နှင့် မလှမ်းလှပေ။ အိမ်လေးအနီးသို့ ချဉ်းကပ်လာမိသည်နှင့် ဖေဖေ့သားအငယ်ဆုံး ကိုခဲလေး၏ စာကျက်သံကို ကြားရလေသည်။ စာကျက်ရင်း ပြတင်းပေါက်မှ သက်ဝေရီလာလမ်းကို လှမ်းမျှော်ကြည့်နေတတ်သည်မို့ သက်ဝေရီကို အလျင်ဆုံး မြင်တတ်သူမှာလည်း သူပါပင်။

"မမကြီး ပြန်လာပြီ"

ကိုခဲ၏ကြုံဆိုသံစူးစူးလေးက အိမ်လေးတစ်ခုလုံး လွှမ်းမိုးသွားခဲ့သည်။ သက်ဝေရီမေမေက လုပ်လက်စအလုပ်တစ်ခုခုကိုထားခဲ့လျက် အိမ်ရှေ့သို့ ထွက်လာခဲ့တတ်လေသည်။ မေမေ့ကို မြင်လိုက်လျှင် သူ့


mgyoe.com

သက်တမ်းတစ်လျှောက်လုံး ဝတ်နေခဲ့ရသော ယူနီဖောင်းဖြစ်လျက် ဟောင်းနွမ်းသွားလည်း အိမ်နေရင်းချဝတ်လို့မကုန်နိုင်သော လုံချည် နက်ပြာနှင့်သာ အမြင်များလေ၏။ မေမေက သွယ်လျလျ။ အေးချမ်းသောမျက်နှာရိပ်နှင့် ဖြစ်လေသည်။

သက်ဝေရီကတော့ ဖေဖေနှင့် ပိုတူသည်တဲ့။ အရပ်သွယ်မြင့်ပြီး အသားဖြူတာသာ မေမေ့ဘက်ကိုတူလျက် မျက်ခုံးစိမ်းမှောင်ထူထဲတာ၊ မျက်လုံးများကြည်လင်တာ၊ နှုတ်ခမ်းပြည့်ရွှန်းတာများက ဖေဖေနှင့်တူလှသည်ဟု ဆိုကြလေသည်။

"စိတ်ကလည်း သူ့အဖေလိုပဲ"

ဖေဖေ၏မေမေဖြစ်သော ဘွားဘွားတူးက ဖြည့်စွက်မှတ်ချက်ပေးတတ်သည်။ သက်ဝေရီ၏ တစ်ခါတစ်ရံ ရွတ်ချင်သောစိတ်အနေကိုတော့ဖြင့် စိတ်သဘောထား အေးဆေးပြည့်ဝလှသော ဖေဖေနှင့်တူသည်ဟု ဆိုချင်တာမဟုတ်ပါဘူးထင်ပါရဲ့ဟု သက်ဝေရီက မလုံမလဲ တွေးမိရတတ်လေသည်။ သက်ဝေရီ ပြန်ချိန်တွင်တော့ ဘွားတူးက အသံသာသာဖြင့် ဘုရားဝတ်ပြုနေတတ်ပြီ။

"သမီး. . . ဘယ်ဘက်ကပြန်ခဲ့လဲ"

"ရွှေဂိတ်ကပါ မေမေရဲ့"

သက်ဝေရီမှာ မေမေ့ကို မုသားသုံးလိုက်ရပြီး စိတ်မကောင်းစွာ မနက်ဖြန်ညတော့ မေမေ့အလိုကျ ရွှေဂိတ်ကပဲ ဝင်ပါတော့မယ်ဟု ဘယ်နှစ်ကြိမ်မြောက်ရှိပြီမှန်း မသိသောစိတ်ကူးကို ကူးမိပြန်လေ၏။ ကျောင်းရွှေဂိတ်ကို တစ်ကွေ့ကြီးပတ်ပြီးဝင်ရဖို့ထက် လျှောက်နေကျ လမ်းကြားလေးကိုမြင်လျှင် ချိုးကွေ့လိုက်မိသည်က အလျင်ဖြစ်နေတတ်


mgyoe.com

mgyoe.com SAMPLE BOOK


သည်ပင်။ သည်အချိန်ဆို သက်ဝေရီတစ်ယောက် အိမ်ရောက်ချင်စိတ်သာပဲ စောနေခဲ့တော့သည်။

မေမေကတော့ ညစာစားဖို့ သက်ဝေရီကို စောင့်လေ့ရှိမြဲ။ အမေနှင့်သမီးမှာလည်း ညစာစားချိန်တွင်မှပဲ မျက်နှာချင်းဆိုင်ဖြစ်ကြရသည်။ သက်ဝေရီက ရှစ်နာရီ ဆေးရုံချိန်အမိပြေးရကာ နံနက်ကိုးနာရီခွဲကျောင်းဆေးခန်းဖွင့်ချိန်တွင် အလုပ်ဝင်ရမည့် မေမေ့ကို ထားရစ်ရသည်။ ညနေစောင်း လေးနာရီမှာ အမေနှင့်သမီး မရှေးမနှောင်းလို ပြန်ရောက်လာကြသည်။ သက်ဝေရီကတော့ ညနေ ငါးနာရီမှာဖွင့်သော သမဝါယမ ဆေးကုခန်းလေးအမီ အိမ်ကပြန်လို့ထွက်ရ။ ည ရှစ်နာရီကျော်လေမှပဲ သက်ဝေရီတို့မိသားစု စုံညီဆုံမိပေတော့သည်။ ဘုရားဝတ်ပြုပြီးသော ဘွားတူးကလည်း ထမင်းစားစားပွဲသို့ လာ၍ဝိုင်းတတ်သည်။ မြေးအဘွားသားအမိတို့ရဲ့စကားဝိုင်းက သက်ဝေရီ၏ဆေးရုံအတွေ့အကြုံ ဆေးခန်းအတွေ့အကြုံတို့ဖြင့် စိုပြည်နေတာအမြဲ။ သည်တစ်ညတော့ သက်ဝေရီအိမ်လိုက်ကြည့်ရှုကုသပေးခဲ့ရသော ဦးကိုကိုရဲ့ဇနီး ဒေါ်နုလေးခင်ရဲ့ထူးဆန်းသောဝေဒနာကို ပြောပြလျှင် ကောင်းမလား။ သက်ဝေရီကတွေးတောနေမိဆဲ. . .

"ဒီနေ့ သမီး မောင်မင်းဦးလေးဆီ ရောက်ခဲ့သေးလား။ ဘယ်လိုနေသေးလဲ"

မေမေက မောင်မင်းဦးအကြောင်းကို မေးလိုက်တော့ သက်ဝေရီရဲ့စိတ်တွေ လေးလံသွားမိရသည်။ မနက်က တွေ့ခဲ့ရသော မောင်မင်းဦးမျက်နှာလေးကိုလည်း ပြန်လည်လို့ မြင်ယောင်လာမိသည်။ မျက်နှာမှာစွဲနေသည့်အညိုအမည်းတွေထက် သူ့စိတ်နုနုလေးမှာ စွဲနေသည့်အညို


mgyoe.com

အမည်းက ပိုလို့ပြင်းထန်လေဟန်ဖြင့် မောင်မင်းဦးကို မျက်နှာလေး အပျက်ပျက်ဖြင့် တွေ့ခဲ့ရသည်လေ။

တစ်ရက် နှစ်ရက် နေမကောင်းလို့ ကျောင်းပျက်မှာစိုးရိမ်ခဲ့ရှာသော မောင်မင်းဦး၏အသွင်က သက်ဝေရီ့မျက်စိထဲမှာ ဖျောက်လို့မရသေးချေ။ အတန်းတက်နေရင်းက နှာခေါင်းသွေး မကြာခဏ လျှံလာတတ်လို့ ကျောင်းဆေးခန်းသို့ မောင်မင်းဦး ရောက်လာခဲ့သည်။ မေမေက သွေးတိတ်အောင် ရှေးဦးသူနာပြုစုပေးနေစဉ် မောင်မင်းဦး၏ကိုယ်ပေါ်က အနီစက်ကလေးများကို သတိထားမြင်တွေ့ခဲ့မိလေ၏။ သမဝါယမဆေးကုခန်းတွင် ပြသစေတော့။ ဆယ့်လေးနှစ်သားသာရှိသေးသော မောင်မင်းဦးက သူ့မေမေနှင့်အတူ တစ်ညနေတွင် သက်ဝေရီဆေးခန်းသို့ ရောက်လာခဲ့သည်။ အသားညိုညို၊ ကိုယ်လုံးကိုယ်ထည်တုတ်တုတ်ခိုင်ခိုင်လေးဖြင့် တစ်ခါမျှ ပြောရလောက်အောင် မဖျားမနာဖူးခဲ့သော မောင်မင်းဦးကို သက်ဝေရီက ဂရုတစိုက် စမ်းသပ်ဆဲ။

"နည်းနည်းလေးပဲ ဖျားတော့တယ် အန်တီ။ ကျွန်တော် ကျောင်းပြန်တက်လို့ရပြီလား"

ဟု မောင်မင်းဦးက တတွတ်တွတ် မေးလေသည်။ မောင်မင်းဦးအနီးတွင်ရပ်လို့ သားရဲ့ကျောင်းစိတ်ကြီးသောအဖြစ်ကို နှစ်သိမ့်စွာ ပြုံးကြည့်နေသော မောင်မင်းဦးမေမေကလည်း ငယ်ငယ်မျှသာ ရှိသေးတာပါပဲ။

"သက်ဝေရီမှာတော့ မောင်မင်းဦးလောက် အားတက်သရော မရှိနိုင်တော့ချေ။ သူ့ကိုယ်ပေါ်မှာ လည်ပင်းအကျိတ်လေးများ ယောင်ယမ်းနေတာ၊ အသည်းနှင့်သရက်ရွက်များ ကြီးနေတာကို စမ်းသပ်တွေ့ရှိလိုက်



mgyoe.com

mgyoe.com SAMPLE BOOK


သော သက်ဝေရီမှာ ရုတ်တရက် စကားမပြန်နိုင်ဘဲ ရှိခဲ့သည်။ ဆေးပညာစာအုပ်မှာ ဖတ်မိသော လူနာထံမှ မမျှော်လင့်သော အကြောင်းအရာတစ်ခု ကြားရသည်ဖြစ်စေ၊ စမ်းသပ်တွေ့ရှိရသည်ဖြစ်စေ စိတ်တုန်လှုပ်ခြင်းမရှိ။ တည်ငြိမ်သော မျက်နှာဖြင့်သာ ဆွေးနွေးကုသပေးရမည်ဟူသော ဆရာဝန်တစ်ဦးမှာ ရှိသင့်သည့်အရည်အချင်းတစ်ရပ်ကိုရရှိဖို့ သက်ဝေရီတော့ဖြင့် ကြိုးစားရလေဦးမည် ထင်လေ၏။

မောင်မင်းဦး ဆေးရုံတက်နေခဲ့သည်ကကို နှစ်လကျော်ပြီ။ သူ့တွင် ကပ်ငြိလာသော ရောဂါကလည်း ရောဂါလက္ခဏာများကို ပီပြင်စွာ တစ်စတစ်စဖြင့် ပြသလာခဲ့ပြီဖြစ်လေသည်။

မောင်မင်းဦးအခြေအနေကို မေမေက မကြာခဏပင် သတိတရ မေးလေ့ရှိသည်။ သက်ဝေရီလည်း မောင်မင်းဦးထံသို့ အလုပ်ပါးသည့် အခါတိုင်း ရောက်ဖြစ်ခဲ့သည်။ ယနေ့မနက်ပင် ရောက်ခဲ့သေးသည်။ သက်ဝေရီက မောင်မင်းဦး၏အခန်းလေးထဲသို့ ချိုးကွေ့ဝင်လိုက်စဉ် မောင်မင်းဦး၏မေမေ ဒေါ်ယဉ်အေးက မျက်ရည်စတွေနှင့် အခန်းထဲမှ ထွက်အလာနှင့် ရင်ဆိုင်တိုးမိနေသည်။ မမယဉ်က သက်ဝေရီကိုပင် နှုတ်မဆက်ဘဲ ရေအိမ်သာဘက်ဆီသို့ ထွက်သွားခဲ့သည်မို့ သက်ဝေရီ ရင်ထဲမှာ ထိတ်ခနဲ ဖြစ်သွားမိသည်။ အခန်းတွင်းသို့ ကဲကြည့်မိသည်။

မောင်မင်းဦးကို ခုတင်ပေးမှာ စောင်းစောင်းခွေခွေလေး လဲလျောင်းလို့ တွေ့ရသည်။ သူ့ကျောပြင်လေး နိမ့်မြင့်လှိုင်းထအောင် အသက်ရှူလည်း ပြင်းနေခဲ့သည်။ သက်ဝေရီ ခုတင်အနီးသို့ ချဉ်းကပ်လာမိခဲ့လျက်-

"သား အိပ်ပျော်နေလား"



mgyoe.com

သက်ဝေရီက နှုတ်ဆက်သောအခါ တစ်ဖက်သို့ စောင်းလှည့်အိပ်နေသော မောင်မင်းဦးက ရုတ်တရက် လှည့်ကြည့်လေသည်။ စိတ်ထိခိုက်ခံစားရလျက် ကြေကွဲဝမ်းနည်းနေသော မျက်နှာလေးတစ်ခုကို သက်ဝေရီမြင်တွေ့လိုက်ရလေသည်။ ရောဂါကြောင့် သွေးခြည်ဥနေသည့် အညိုအမည်းကွက်တွေ စွဲထင်နေသော မျက်နှာလေးက မှုန်မှိုင်းလို့ရှိလေသည်။ မောင်မင်းဦးလေး မျက်နှာမကောင်းပါလား။

"အန်တီလား"

မှိုရောင်နေသော မျက်လုံးများကြောင့် သက်ဝေရီကို မြင်ဖို့ မျက်နှာလေးကို မော်လျက်၊ မျက်ခွံကို အစွမ်းကုန် ပင့်ကြည့်ရရှာသည်။ သက်ဝေရီကို မြင်တွေ့လိုက်တော့ သူ့မျက်နှာလေး လင်းကြည်လာလျက်-

"နေလို့မကောင်းဘူး အန်တီ၊ ဒါပေမယ့် ရပါတယ်"

သက်ဝေရီ၏နားထဲမှာ အေးဆေးတည်ငြိမ်စွာ ဆိုလိုက်သော ထိုစကားလုံးလေးများက ပဲ့တင်ပြန်သွားခဲ့လေ၏။

"ဒါပေမယ့် ရပါတယ်" တဲ့လား ကလေးရယ်။

သက်ဝေရီရင်ထဲမှာ တနင့်နင့်. . .။

သည်ကလေးကိုမှ မသက်မညှာ ရက်စက်နိုင်သူဆိုလို့ သည်လောကကြီးထဲမှာ ခင်ဗျားတစ်ယောက်တည်းပဲရှိမှာပါ. . . ကံကြမ္မာ။

သက်ဝေရီသည် ဘာစကားမျှမဆိုနိုင်ဘဲ မောင်မင်းဦး၏ဆေးထိုးအပ်ပေါက်ရာနေရာများတွင် ကျယ်ပြန့်စွာ ညိုကွက်လို့နေသော လက်ကလေးကို အတန်ကြာ ဆုပ်ကိုင်ထားမိရာက-

"အန်တီသွားဦးမယ် သား"

ဟု ရုတ်တရက် နှုတ်ဆက်လိုက်မိတော့ မောင်မင်းဦးက-



mgyoe.com

mgyoe.com SAMPLE BOOK


"ဟုတ်ကဲ့"

ဟု အံ့ဩသလို ဆိုရှာလေ၏။

သက်ဝေရီသည် အထူးသီးသန့်ဆောင် လှေကားထစ်များမှ အပြေးအလွှား ဆင်းလာမိဆဲ လှေကားတစ်ဆစ်ချိုးတွင် လုံချည်အနီဝတ် သူနာပြုဆရာမကြီး ဒေါ်ကြည်ကြည်နှင့် ဆုံမိလေ၏။

မမကြည်က သက်ဝေရီ၏လက်မောင်းကို ဖမ်းဆွဲလျက်-

"မင်းဦးလေးဆီက လာတာလား ဒေါ်ဝေရီ"

ဟုမေးလေမှ သက်ဝေရီ အရှိန်သတ်ရလေသည်။

"ဟုတ်တယ် မမကြည်. . . သူ့အခြေအနေက ဆုတ်ယုတ်လာသလို ပဲနော်။ ပြီးတော့ သူတို့သားအမိနှစ်ယောက်လုံးလည်း မျက်နှာမကောင်း ကြဘူး။ မမကြည် ဘာများဖြစ်ကြ. . ."

သက်ဝေရီ စကားမဆုံးလိုက်ရ။ သူနာပြုဆရာမကြီးရဲ့မျက်နှာ လည်းပဲ မကောင်းပါလားဟု သတိပြုလိုက်မိရလေသည်။

"အဲဒါပေါ့. . . ကိုယ့်ကိုယ်ကိုသာ ရိုက်ချင်တော့တာပဲ ဝေရီရေ။ မမကြည်လေ သူ့ကို သွေးဖောက်ရတော့ ကလေးနာနေမှာစိုးလို့ အာရုံလွှဲ အောင် စကားတွေပြောနေမိရင်းက ဖေဖေက ဘာလုပ်လဲ။ နယ်မှာလား။ ဖေဖေလာတာ မမြင်ပါလားလို့ သွားမေးမိတာ ကလေးက ချုံးပွဲချငိုပါလေ ရောပဟယ်။ သူတို့သားအမိနှစ်ယောက် ကြည့်ရတာ အေးအေးချမ်းချမ်း လေးဆိုတော့ မမကြည်ကလည်း မသိဘူးလေ။ နောက်မှ သူ့အမေပြောပြ မှ သိရတာ။ မောင်မင်းဦးအဖေက နောက်အိမ်ထောင်ပြုသွားလို့ ကလေး ငယ်ငယ်ကတည်းက ကွဲနေခဲ့ကြတာတဲ့။ မမကြည်ဖြင့် အဖေလုပ်တဲ့သူ လာတာ တစ်ခါမှမတွေ့ရပါဘူးဟယ်။ မေးမိပလေဆိုပြီး ကိုယ့်ဘာသာ


mgyoe.com

mgyoe.com SAMPLE BOOK

ကိုယ်သာ ဆုံးမပစ်ချင်တော့တာပဲ”

မောင်မင်းဦးလေးမှာ အမေ၊ အဖေစုံနှင့် နေရရှာသူမဟုတ်ဘဲကိုး။ မောင်မင်းဦးလေး၏ဘဝကို သက်ဝေရီလည်း ခုမှပင် သိရှိရသည်။ ခုလို အချိန်မှာတော့ မောင်မင်းဦးတို့သားအမိနှစ်ယောက်သာပဲ စိတ်ဆင်းရဲမှု ဒဏ်ကို ခါးစည်းလို့ ခံနေရရှာပေါ့။

“ခင်ဗျားတော့ ခင်ဗျားလိုပဲ မာကျောကျော နှလုံးသားရှိတဲ့အဖော် တစ်ယောက်ရပြီပဲ ကံကြမ္မာ” ဟု သက်ဝေရီ စိတ်ထဲမှာ ကံကြမ္မာနှင့်ထပ်မံ လို့ အချေအတင် ဖြစ်လိုက်ရသေးလေ၏။

သည်အကြောင်းကို ည စနာရီကျော်လေမှ သမီးနှင့်အတူ ထမင်း ဝိုင်းဖွဲ့ရလေသော မေမေ့ကို မသိစေချင်သေးပါပေ။ နောက်များ အေးအေးဆေးဆေးရှိသည့်အခါမှပဲ. . .။

“ဒီနေ့ ဝဒ်ထဲမှာအလုပ်တွေများနေလို့ မရောက်ဖြစ်ခဲ့ဘူး မေမေ”

“သွားလိုက်ပါဦး သမီးရယ်”

“ဟုတ်ကဲ့”

ထိုညက အိပ်မပျော်သေးမီ ခါတိုင်းညမှာလို ဆေးရုံအကြောင်း၊ လူနာတွေအကြောင်း စကားမဆိုဖြစ်ဘဲ သက်ဝေရီတစ်ယောက် အတွေး နှင့်ငြိမ်နေတော့ အတူတူအိပ်သော ဘွားတူးက-

“မြေး. . . ဘာဖြစ်လို့လဲ”

ဟု မေးရှာလေသည်။ ဘွားတူး ခြုံထားပေးသော စောင်ပုံထဲမှာ မွန်းကျပ်ချင်နေသော သက်ဝေရီက-

“မဖြစ်ပါဘူး အဘွားရယ်၊ ဆေးခန်းမှာ လူနာများလို့ နည်းနည်း ပင်ပန်းသွားလို့ပါ”


mgyoe.com

mgyoe.com SAMPLE BOOK


ဟု အဘွားကို နှစ်သိမ့်ရလေသည်။

အိပ်ပျော်သွားတော့ ထိုညမှာ သက်ဝေရီ အိပ်မက်မက်သည်။

အိပ်မက်ထဲတွင် သက်ဝေရီ လူတစ်ယောက်နှင့် တွေ့ဆုံနေလေ၏။ သူ့ကို မောင်မင်းဦးရဲ့ဖေဖေဟု သက်ဝေရီက သိနေခဲ့သည်။ မောင်မင်းဦးအကြောင်း သက်ဝေရီ သူ့ကိုပြောပြနေလိုက်သည်မှာ ပါးစပ်အကျယ်ကြီးဖြစ်လာသည်အထိ နှုတ်ခမ်းတွေ ဖွင့်ချည်ပိတ်ချည် လှုပ်ရှားနေလို့။

သို့ပေမယ့် အသံရယ်လို့ ဘာသံမှလည်း ထွက်မလာ။ အိပ်မက်ပြီးဆုံးသွား တော့ သက်ဝေရီမှာ မောဟိုက်လို့ ကျန်ရစ်လေသည်။

* * *


mgyoe.com

mgyoe.com SAMPLE BOOK

“ဟော. . . ထွေးတို့ပါလား၊ ဘာများဖြစ်လို့ပါလဲ”

သုံးလေးရက်မျှအကြာတွင်ပါပဲ။ ထွေးထင်ကျော်၊ ညီထင်ကျော်နှင့် သူတို့ဖေဖေ ဦးကိုကိုထင်ကျော်တို့ သက်ဝေရီဆေးခန်းသို့ အစောဆုံး လူနာများအဖြစ် ရောက်လာကြသည်။ သက်ဝေရီက နှုတ်ဆက်မိစဉ်-

“ဖျားကြတယ် ဆရာမရယ်”

စိတ်ရှုပ်ထွေးနေလေဟန်ဖြင့် ဦးကိုကိုထင်ကျော် ခပ်ညည်းညည်း ဖြေလေသည်။

နေကောင်းနေသင့်ပြီဖြစ်သော ထွေးကို အနွေးထည်အကျီလေး ဝတ်ဆင်ထားလို့ တွေ့လိုက်ရသည်။ ညီထင်ကျော်ကတော့ မျက်နှာလေး နီမြန်းမြန်းဖြင့် အပူတရှိန်ရှိန် တက်နေတော့သည့်ဟန်။ ဦးကိုကိုထင်ကျော်



mgyoe.com

mgyoe.com SAMPLE BOOK


သည်မှူ ပုံရိုးစပို့ရှပ်ဖြူတစ်ထည်ကို ဝတ်ဆင်ထားသော်လည်း သက်ဝေရီ နှစ်သက်သော အပြာရောင်က ကော်လာတွင် အနားသတ်အစင်းလေး များအဖြစ် ပါဝင်နေခဲ့ပြန်လေ၏။

ဆေးခန်းလာရမည်ဆိုကတည်းက မှုန်နေဟန်ရှိသော ထွေးထင် ကျော်လေး၏မျက်နှာသည် သက်ဝေရီကို မြင်လိုက်ရစဉ် ခဏဝင်းပသွား ခဲ့၏။ သက်ဝေရီကို ထွေး ကောင်းစွာမှတ်မိသည်။ ချောင်းဆိုးလွန်းကာ မျက်နှာလေး မို့အမ်းနေသော ကလေးမလေးကို တွေ့ရ၍ သက်ဝေရီ စိတ်မကောင်းဖြစ်ရသည်။

"ထွေးက နေမကောင်းသေးဘူးလား။ အမောက်ဆေးလ် အချိန် မှန်တိုက်တာပဲမဟုတ်လားဟင်"

သက်ဝေရီက ထွေးထင်ကျော်လေးကို စမ်းသပ်ကြည့်ရာက ရောဂါမသက်သာသည်ကို တွေ့ရတော့ ဦးကိုကိုသို့ လှမ်းမေးမိသည်။

"ကျွန်တော်ရှိတဲ့အချိန်တော့ အချိန်မှန်တိုက်တာပဲ ဆရာမ။ ကျွန်တော် ရုံးသွားနေချိန်ကျတော့ ခင်ကလည်း သိပ်နေမကောင်းတော့ အချိန်မှန်မတိုက်ဖြစ်ဘူး ထင်ပါတယ်။ အထိန်းကို တိုက်ခိုင်းပြန်တော့ အန်တီဘေကလည်း အသက်ကကြီးဆိုတော့ မေ့သလားမသိပါဘူးဗျာ။ ချောင်းဆိုးက တစ်နေ့တခြား ပိုဆိုးလာတယ်။ အခုတော့ အဖျားလည်း မကျတော့ဘူး။ မနေ့ညနေကစပြီး သားလတ်ပါ ကိုယ်ရှိန်လာပြန်လို့ ကျွန်တော်လည်း ဒေါက်တာ့ဆီပဲ ခေါ်လာရတော့တယ်"

ကလေးတွေရော အမျိုးသမီးပါ နေမကောင်းနေ၍ ဦးကိုကိုထင် ကျော်တစ်ယောက် စိတ်ရှုပ်ထွေးနေဟန်ရှိလေသည်။

"ညနေတိုင်း ဆေးခန်းလာနိုင်ပါ့မလား"


mgyoe.com

mgyoe.com
SAMPLE BOOK


"လာနိုင်ပါတယ်"

သက်ဝေရီသည် ညီနှင့်ထွေးတို့နှစ်ဦးကို ဆေးထိုး၍ ကုသဖို့ စဉ်းစားရလေသည်။ သောက်ဆေး အချိန်မှန်သောက်နိုင်ဖို့က ဦးကိုကို ပြောသလိုပင် အခက်အခဲရှိမည်ထင်လေသည်။ ထွေးရော ညီပါ အဆုတ် ပွနေကြလျက် သူတို့အဆုတ်လေးများမှ ချွဲသံစုံထွက်ပေါ်နေသည်ကို နားကြပ်မှတစ်ဆင့် ကြားသိရလေသည်။

လဲ့လဲ့ ဆေးထိုးပေးတော့ ထွေးက မျက်ရည်ပေါက်ကြီးတွေ လိမ့် ဆင်းလာအောင် တိုးတိုးလေး ငို၏။ ညီထင်ကျော်ကတော့ တကယ်ရဲရင့် သည့်ကလေး။ သက်ဝေရီ့မျက်နှာကို စေ့စေ့ကြည့်လျက်-

"ရင်ဘတ်ထဲမှာ ဘာတွေဖြစ်နေလို့လဲ"

ခပ်တည်တည်လေး မေးလေသည်

"သား ရင်ဘတ်ထဲမှာ ချွဲတွေကျပ်ခဲနေတယ်လေ။ ချွဲတွေ ပျော်သွားမှ သား နေလို့ကောင်းမှာ။ ချွဲပျော်သွားအောင် ဆေးထိုးပေး ရမှာ"

ဆယ်နှစ်သား ညီထင်ကျော်က သက်ဝေရီ ရှင်းလင်းချက်ကို သဘောကျသွားဟန် ရှိသည်။ စမ်းသပ်ခုတင်ပေါ်သို့ သူ့ဘာသာသူ တက်အိပ်လျက်-

"စူပါမင်းကွ"

အံကြိတ်ကာ ဆေးထိုးခံလေသည်။

"အန်တီ. . . သွားတော့မယ်"

သက်ဝေရီနှင့်လဲ့တို့ကို သူ့ဖေဖေက နှုတ်ဆက်ခိုင်းတော့ ထွေးထင် ကျော် မျက်ရည်လည်ရွဲကြားက နှုတ်ဆက်သွားဖော်တော့ရသေးသည်။


mgyoe.com

mgyoe.com SAMPLE BOOK


သူတို့သားအဖတစ်တွေ ဆေးခန်းထဲမှ ထွက်ခွာသွားတော့-

"အဲဒီကလေးလေးနှစ်ယောက်က အရင်ကလည်း ဆေးလာထိုးဖူးတယ် မမဝေရီရဲ့။ သူတို့အထိန်း အသက်ကြီးကြီးအမျိုးသမီးကြီး တစ်ယောက်နဲ့လေ"

"ဟုတ်လား. . . တို့တော့ လူနာတွေမျက်နှာက အမြဲရောထွေးနေတော့တာ သိပ်မှတ်မိခဲတာပဲ"

သို့ပေမယ့် ဦးကိုကိုတို့သားအဖတွေကိုတော့ မမှတ်မိစရာမရှိတော့ပါ။ ထိုညနေမှစလို့ သက်ဝေရီ သူတို့နှင့် ညစဉ် ဆုံမိရလေသည်။

* * *


mgyoe.com

mgyoe.com
SAMPLE BOOK

"သမီးကို အရင်ထိုးမယ်နော်။ မဖြစ်သေးပါဘူး။ သမီးက ငိုနေလိမ့်မယ်။ သားလတ် အရင်ထိုး။ သားကို ထိုးတာမြင်ရင်လည်း သမီးက ကြောက်နေဦးမှာပဲ။ သမီး အရင်ထိုးမှပါ"

သက်ဝေရီ စမ်းသပ်ကြည့်ရှုအပြီး ဆေးထိုးရဖို့တွင် ဦးကိုကိုသည် သမီးနှင့်သားကို တစ်လှည့်စီ ချီလိုက်ချလိုက်လုပ်ကာ ဝေခွဲမရဖြစ်တတ်မြဲပင်။ သက်ဝေရီက သူတို့သားအဖတစ်တွေကို ငေးမိငေးရာ ငေးကြည့်မိနေစဉ် ဦးကိုကိုသည် ဖျတ်ခနဲ ပြန်လှည့်ကြည့်တတ်သည်။ သက်ဝေရီသို့ နူးညံ့စွာပြုံးလျက်-

"ကျွန်တော့်ကောင်တွေ ငိုကြတာ ဒေါက်တာ့ကို အားနာတယ်"

တောင်းပန်စကားဆိုတတ်သေးလေသည်။ ပြုံးထားသော


mgyoe.com

mgyoe.com SAMPLE BOOK


နှုတ်ခမ်းအထက်က နှုတ်ခမ်းမွေးစိမ်းစိမ်းတို့ ထူထဲစိမ်းမှောင်လာနေသည်က သတိမပြုမိဘဲ မရှိအောင်ပါပဲ။ ကလေးတွေ ဖျားကြနာကြသည်နှင့် ဦးကိုကိုတစ်ယောက် မှန်မကြည့်ဖြစ်သည်မှာ ကြာပြီထင်သည်။ ထွေးထင်ကျော်ကို ချော့နေလေသော ဦးကိုကိုသို့ ကိုယ့်အတွေးဖြင့်ကိုယ် အမှတ်မထင် ကြည့်ငေးမိခိုက် သူက ရုတ်တရက် ပြန်လှည့်အကြည့်ဖြင့် ဆုံလိုက်မိလေသည်။ သက်ဝေရီသည် မျက်တောင်များကို ပုတ်ခတ်မိလျက်-

"ဒေါ်နုလေးခင်ရော နေလို့ကောင်းရဲ့လား"

ဟု ယဉ်ကျေးသော လောကဝတ်စကားကို ရွေးချယ်ဆိုမိရလေ၏။ ထိုအခါ ဦးကိုကိုက သက်ဝေရီကို ထွေးထင်ကျော်အားကြည့်သော အကြည့်မျိုးလေးဖြင့် ကြည့်လျက်က-

"နေကောင်းပါတယ်။ ကျွန်တော် ဆေးခန်းကို ခေါ်လာခဲ့ပါဦးမယ်"

ဟု အပြုံးသန့်စင်ကြည်လင်စွာ ဆိုခဲ့သည်ပင်။

* * *


mgyoe.com

mgyoe.com SAMPLE BOOK

သားအကြီးဆုံး 'နောင်ထင်ကျော်'ပါ ပါလာပြီးသည့်နောက် တစ်ရက်တွင်တော့ သက်ဝေရီလည်း ဦးနှောက်ခြောက်ရတော့လေသည်။

နေ့စဉ် ဆေးထိုးနေကျ ညီ၊ ထွေးတို့နှင့်အတူ တစ်ညနေတွင် သားအကြီးဆုံး 'နောင်'ပါ ထပ်တိုးလို့ပါလာခဲ့သည်။

"သားကြီးလည်း ချိုင်းနှစ်ဖက်မှာ အကျိတ်လေးတွေထွက်ပြီး ကိုယ်ပူနေပြန်တယ် ဆရာမရေ"

နောင်ထင်ကျော်ကတော့ လူကြီးလေးတစ်ယောက်လို ပြုမူပြောဆိုတတ်သူပင်။ သားကြီးပီပီ သိတတ် အလိမ္မာဆုံးလည်း ဖြစ်မည်ထင်၏။

"ချိုင်းထဲမှာ နာနေတာ တစ်ရက် နှစ်ရက်ရှိနေပြီ အန်တီ။ ပြီးတော့ ဖျားလည်းဖျားတယ်။ သား ဆေးပဲသောက်မယ်နော်"



mgyoe.com

mgyoe.com SAMPLE BOOK


"ဆေးမထိုးချင်ရင် သောက်ဆေးပဲပေးမယ်လေ။ အချိန်မှန်တော့ သောက်ရမယ်နော်"

နောက်တစ်ရက်တွင် ဦးကိုကိုထင်ကျော်နှင့် ကလေးတွေ ရထားတွဲကြီးခုတ်သလို တန်းစီဝင်လာတော့-

"နောင်ထင်ကျော်က အနာသက်သာရဲ့လား"

လက်ကလေးနှစ်ဖက်ကားထားကာ မျက်နှာလေးရှုံ့မဲ့နေသော 'နောင်ထင်ကျော်' ကို သက်ဝေရီ အရင်ဆုံးမေးမိရသည်။

"မသက်သာဘူး အန်တီ။ တစ်နေ့လုံး ကိုက်နေတယ်"

"ဟုတ်တယ် ဒေါက်တာ။ ညကလည်း သူ နာလို့တဲ့ မအိပ်နိုင်ဘူး"

ဦးကိုကိုကပါ ဝင်ပြောပေမယ့် သက်ဝေရီ မျက်မှောင်ကြုတ်မိရလေသည်။ လိုအပ်မယ့်ဆေးကို လုံလောက်စွာ ပေးလိုက်သားပဲမဟုတ်လား။

"အန်တီပေးလိုက်တဲ့ဆေးတောင့်လေးတွေ အချိန်မှန်မှန် မသောက်ဘူးလား"

သက်ဝေရီ အမေးကိုမဖြေနိုင်ဘဲ မျက်နှာလေး ဇဝေဇဝါဖြင့် နောင်က သူ့ဖေဖေကို ပြန်မော်ကြည့်လေသည်။

"သားက ဆေးပြားလေးတွေပဲ သောက်ရတာ။ ဆေးတောင့်လေးတွေ မသောက်ရဘူး အန်တီ"

"ဟင် ဘာဖြစ်လို့လဲ။ မနေ့က ဆေးမရလိုက်လို့လား။ အနက်တစ်ပိုင်း၊ အနီတစ်ပိုင်း ဆေးတောင့်လေးတွေလေ"

သေချာအောင် ထပ်မေးရင်းက နောင်ထင်ကျော်ရဲ့ ဆေးကုသမှတ်တမ်းစာအုပ်လေးထဲမှာ သက်ဝေရီ ပြန်ရှာကြည့်မိသည်။ ဘာဇီဆီ


mgyoe.com

mgyoe.com


လင်တစ်တောင့်၊ တစ်နေ့လေးကြိမ်။

သက်ဝေရီ ပေးထားခဲ့သည်ပဲ။

"နောင် မသောက်ရဘူး အန်တီ"

"အဲဒါကို ညီ သောက်ရတယ် အန်တီရဲ့။ ဖေဖေက ညီကို သောက်ခိုင်းတယ်"

ညီထင်ကျော်က သွက်လက်စွာ ဝင်ပြောလိုက်ပေ၍ သက်ဝေရီမှာ အံ့အားအသင့်သားဖြင့် ဦးကိုကိုသို့ မော်ကြည့်မိရလေသည်။ ဦးကိုကိုက သူ့နဖူးကို သူ့လက်ဝါးနှင့်ရိုက်ရင်းက ရယ်သည်။

"ဟုတ်တယ် ဆရာမရေ. . . ကျွန်တော်လည်းဗျာ မနေ့က အလုပ်ကလည်းများနဲ့၊ ကလေးတွေပြပြီးတော့ ရုံးမှာ အိုဗာတိုင်ပြန်ဆင်းရသေးတော့ သားနှစ်ယောက်ကို ဆေးတွေလွဲပြီး ပေးလိုက်မိပြီထင်တယ်"

"ဦးကိုကိုလည်း ဒုက္ခပါပဲ။ ဒါကြောင့်မို့ နောင်ထင်ကျော်က အနာမသက်သာတာပေါ့"

သက်ဝေရီမှာ ရင့်ကျက်သော ဣန္ဒြေမထားဖြစ်တော့ဘဲ ပြုံးရယ်မိရတော့သည်။ ကလေးသုံးယောက်စာအတွက် ဆေးကို ဆေးကောင်တာက ညီမလေးထံမှာ ထုတ်ယူမှတ်သားရတော့ အလုပ်များသော ဦးကိုကိုတစ်ယောက် ရောထွေးသွားသည်ပဲ ထင်လေ၏။

"ညီ သောက်လိုက်မိလို့ ဘာမှတော့ မဖြစ်နိုင်ပါဘူးနော် ဆရာမ"

သက်ဝေရီက အပြစ်မဆိုသောအခါတွင်မှ ဦးကိုကို မေးဝံ့ရှာလေသည်။

"ပဋိဇီဝဆေးဆိုတော့ ညီရဲ့အဆုတ်ပွရောဂါအတွက်လည်း သင့်တဲ့ဆေးမျိုးပါပဲ။ ညီမှာ ဘာမှမဖြစ်နိုင်ပါဘူး။ နောင်ထင်ကျော်အနာ


mgyoe.com

mgyoe.com

ကတော့ ထိရောက်တဲ့ဆေးမရတော့ ပိုရောင်ကိုင်းလာတော့တာပေါ့။ ဒီနေ့တော့ နောင့်ကိုလည်း ဆေးထိုးပေးမှပါပဲ”

“ကောင်းသလိုသာလုပ်ပါ ဆရာမရယ်”

ဦးကိုကိုသည် သက်ဝေရီသို့ တောင်းပန်စွာကြည့်လျက် တိုးတိုးပြောလေသည်။ သက်ဝေရီ တွေ့ဖူးခဲ့သော မွန်ရည်ချောမွေ့လျက် သပ်ရပ်ရှင်းသန့်သော ဦးကိုကိုထင်ကျော်မှာ သည်ရက်များအတွင်း မသပ်မရပ် ရှိလှသည်။ အထက်နှုတ်ခမ်းပေါ်က နှုတ်ခမ်းမွေးစိမ်းစိမ်းရေးရေးမျှသည်လည်း အစိမ်းရင့်သည်ထက် ရင့်မှောင်ကာ တောထလာနေပြီဖြစ်လို့မို့ အလုပ်တွေ ရှုပ်ပွေနေဟန်ရှိသော ဦးကိုကိုထင်ကျော်ကို သက်ဝေရီကလည်း အပြစ်မဆိုလိုတော့ပါပေ။ ဦးကိုကိုနှင့် နောင်တို့ မောင်နှမတစ်တွေကို ကြည့်မြင်ရတာ သက်ဝေရီပင် မောချင်လာတော့သည်။

* * *


mgyoe.com